# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

**October 25, 2024** | **Volume 83, Number 16**


| ၂၅.၁၀.၂၀၂၄ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၃.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၂၆.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၉၃.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၄.၇၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၇၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၁၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၃.၈၇ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၁၅၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မင်းဘူး(စကု)မြို့နယ်၌ ပဲတီစိမ်းသီးနှံဧက ၁၇,၀၀၀ ကျော် စိုက်ပျိုးအောင်မြင်




မိုးလယ်နှင့် မိုးနှောင်းကာလများတွင် မိုးကောင်းစွာ ရွာသွန်းခဲ့သောကြောင့် မိုးသီးနှံများဖြစ်သည့် နှမ်း၊ကုလားပဲ၊နေကြာ၊ပဲတီစိမ်း၊ မြေပဲစသည့် သီးနှံများ စိုက်ပျိုးအောင်မြင်ကာ အထွက်နှုန်းများ ကောင်းကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ်၌ ပဲတီစိမ်းသီးနှံကို ၂၈,၁၂၈ ဧက စိုက်ပျိုးရန် လျာထားကာ၁၇,၅၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ခင်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မင်းဘူးမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

မိုးပဲတီစိမ်းကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်စသည်ဖြင့် နွေနှမ်းများ ရိတ်သိမ်းပြီးသည့်အချိန်နှင့်ရေရရှိသည့်အပေါ်မူတည်ပြီးအမျိုးမျိုးစိုက်ပျိုးကြကာ အထွက်နှုန်းကောင်းပြီးတစ်ဧကတင်း ၂၀ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် ပိုးမွှားဒဏ်ခံနိုင်ရန် စိုက်ပျိုးရေးခြံများမှ ထုတ်လုပ်သည့် ရေဆင်း ၁၁ မျိုးနှင့် ရေဆင်း ၁၄ မျိုးများကို စိုက်ပျိုးစေပြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက သီးနှံများအထွက်တိုးစေရန်အတွက် တောင်သူများကို စည်းရုံး၍ စိုက်ပျိုးရေးနည်းစနစ်များကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်တွင် ပြီးခဲ့သည့်မိုးရာသီက မိုးရွာသွန်းမှု နောက်ကျခြင်းများ ရှိခဲ့သော်လည်း မိုးလယ်နှင့် မိုးနှောင်း ကာလများတွင် မိုးကောင်းစွာရွာသွန်းခဲ့သောကြောင့် မိုးသီးနှံများဖြစ်သည့် နှမ်း၊ ကုလားပဲ၊ နေကြာ၊ ပဲတီစိမ်း၊ မြေပဲ စသည့် သီးနှံများ စိုက်ပျိုး၍ အောင်မြင်ကာ အထွက်နှုန်းများလည်း ကောင်းကြကြောင်း သိရသည်။

**Source : (AMIA)**

https://l.htwettoe.com/v2

## စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အနေဖြင့် စိုက်ပျိုးစရိတ်ကြီးမြင့်နေ



ပြည်တွင်း စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်စိုက်ပျိုးစရိတ်များ ကြီးမြင့်နေသလို စားသုံးသူများလည်း ကုန်ဈေးနှုန်းကြီးမြင့်နေကြောင်း တောင်သူများထံက သိရသည်။

စက်တင်ဘာလအတွင်း နေပြည်တော်၊ မန္တလေး၊ ကလောဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး စပါးအပါအဝင် စားဖိုဆောင်သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးဈေးကွက်အတွင်း အခြေခံစားသောက်ကုန်များ ဝင်ရောက်နိုင်မှုနည်းကာ ဈေးမြင့်တက်လာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

လက်ရှိအချိန်တွင် တောင်သူအများအနေဖြင့် စိုက်ပျိုးမြေများပြန်လည်စိုက်ပျိုးနိုင်ရန်မြေပြုပြင်ခြင်းများ၊ မျိုးစေ့ ၊မြေဆီများ နှင့် စက်သုံးဆီများအတွက် ပြန်လည်ရင်းနှီးစိုက်ပျိုးနေချိန်ဖြစ်သည်။

တောင်သူများမှာ မျိုးစေ့ဈေးကြီးမြင့်ခြင်း ၊ဓာတ်မြေသြဇာဈေးများမှာလည်း ရည်ညွှန်းဈေးအတိုင်းမရရှိဘဲ ဈေးကြီးမြင့်စွာ ဝယ်ယူနေရကြောင်း၊စက်သုံးဆီများကိုလည်း ဝယ်ယူရာတွင်အခက်အခဲရှိကြောင်း၊ စားဖိုဆောင်သီးနှံများ ပြန်လည်စိုက်ပျိုးရာတွင် စရိတ်ကြီးမြင့်နေသလို ယခင်က ၁၀ ဧက စိုက်ပျိုးသည့် တောင်သူအနေဖြင့် တစ်ဝက်ခန့်သာ ပြန်လည်စိုက်ပျိုးနိုင်ကြောင်း မြစ်သားမြို့နယ်အတွင်း ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

အလားတူ နေပြည်တော်၊ပျော်ဘွယ်၊ တပ်ကုန်း၊ ကလော ၊အင်းလေး ၊မြစ်သား၊ သာစည်၊ကျောက်ဆည်၊ တံတားဦး ဒေသများရှိ စာဖိုးဆောင်သီးနှံမျိုးစုံစိုက်ပျိုးသည့် တောင်သူများလည်း စိုက်ဧကများ လျှော့နည်းစိုက်နေကြရသည်။

အင်းလေးဒေသ ခရမ်းချဉ်သီးများမှာ ဈေးကွက်အတွင်းဝင်ရောက်နိုင်ခြင်းမရှိသဖြင့် စားသုံးသူများ ဈေးကြီးမြင့်နေခြင်း ဖြစ်သည်။

စားဖိုဆောင်သီးနှံများကို ပြန်လည်စိုက်ပျိုးရာတွင် အနည်းဆုံး ၄၅ ရက် မှ ရက် ၉၀ စိုက်ပျိုးထုတ်လုပ်ရသဖြင့် အချိန်တို အတွင်း ဈေးကွက်အတွင်း ပြန်လည်ရောင်းချနိုင်ရန်မလွယ်ကူသောကြောင့် ဈေးကွက်အတွင်း ဈေးများ ဆက်လက် မြင့်တက်နိုင်ခြေရှိနေသည်။

သို့ဖြစ်၍ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအဆင်ပြေပြေ ပြန်လည်စိုက်ပျိုးထုတ်လုပ်မှုကို ပံ့ပိုးကူညီပေးမှုများ လိုအပ်နေသည်။

ရေကြီးနစ်မြုပ်ပျက်စီးမှုများကို သက်ဆိုင်ရာဌာနများက မျိုး၊မြေဆီနှင့် ပြန်လည်ထွန်ယက်နိုင်ရန် အကူအညီများကို ဒေသအလိုက်ပေးလျက်ရှိသလို သွင်းအားစုကုမ္ပဏီများမှလည်း သွင်းအားစုများကို ဈေးနှုန်း သက်သာစွာ ရောင်းချပေးလျက်ရှိသည်။

စားဖိုဆောင်သီးနှံဈေးကွက်တွင် ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ ကန်စွန်းရွက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဗူးသီး၊ခရမ်းသီး ၊ ချဉ်ပေါင်ရွက်၊နံနံပင်၊ မုန်ညှင်းဖြူ၊ ကိုက်လန်၊ ပန်းမုန်လာ၊မုန်လာဥ၊ခါကျက်ဥ၊ရွှေပဲသီး၊တိုင်ထောင်ပဲသီးဈေးများမှာဈေးမြင့်တက်လျက်ရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## အေးခဲထောပတ်သီးအနှစ်များကို မလေးရှားမှ ဝယ်ယူရန် သဘောတူညီမှုရရှိပြီးဖြစ်၍ ထောပတ်တောင်သူများ အခွင့်အလမ်းကောင်းများ ရရှိမည်




ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီးများကို မူလအတိုင်းသာမက အေးခဲအနှစ်ပြုလုပ်ထားသည့် တန်ဖိုးမြင့်ထုတ်ကုန်အေးခဲထောပတ်သီးအနှစ်များကို မလေးရှားနိုင်ငံက ဝယ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်၍ တင်ပို့ရန်စီစဉ်လျက်ရှိရာ တောင်သူများအတွက် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ကြောင်းမြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါတန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်သည့် ထောပတ်သီးအေးခဲအနှစ်များကို မလေးရှားနိုင်ငံသို့ နမူနာပေးပို့ခဲ့ရာ ဝယ်ယူမည့်လုပ်ငန်းစဉ်များ ဆောင်ရွက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ဈေးနှုန်းညှိနှိုင်းရန် အဆင့်သာကျန်ရှိကြောင်း သိရသည်။

" ထောပတ်သီးအနှစ်တွေ တင်ပို့တဲ့အတွက် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေရရှိမည့် အကျိုးကျေးဇူးက Export စံချိန်မီတဲ့အသီးတွေကိုအလုံးတိုင်းတင်ပို့နိုင်မှာဖြစ်သလိုစံမမီတဲ့အသီးတွေကိုအေးခဲအနှစ်လုပ်ပြီးတင်ပို့ရင် ဈေးကောင်းရရှိမည်ဖြစ်သည်။

Export က ရရှိတဲ့ ပို့ကုန်ရငွေကို နိုင်ငံတော်က သတ်မှတ်တဲ့အချိုးအရ တောင်သူတွေ နိုင်ငံခြားငွေရရှိမယ်။ တောင်သူများအတွက် အခွင့်အလမ်းများစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**Source: ကြေးမုံသတင်းစာ**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်အပတ်နှင့်ယခုအပတ်နှိုင်းယှဉ်မှုအခြေအနေ

အောက်တိုဘာလ စတုတ္ထပတ်အတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းဖြူ၊ မြေပဲလုံးဆန်နီ၊ မြေပဲဆီဆန်ဖြူများ ဈေးငြိမ်၍ နှမ်းညို၊ မြေပဲလုံးဆန်ဖြူ ဈေးနှုန်း ကျဆင်းနေပြီး နှမ်းနက်ဈေးနှုန်းများ မြင့်တက်နေကြောင်းသိရသည်။

အောက်တိုဘာလ စတုတ္ထပတ်အတွင်း နှမ်းညို တစ်တင်း ၉၂,၀၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၁၈၀,၀၀၀–၂၀၀,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၉၀,၀၀၀–၁၂၀,၀၀၀ ကျပ်ဖြစ်ကာ ယခင်ပတ် ကာလတူပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်း ၉၅,၀၀၀ ကျပ်၊ နှမ်းဖြူ တစ်တင်း ၉၅,၀၀၀– ၁၂၀,၀၀၀ ကျပ်၊ နှမ်းနက် တစ်တင်း ၁၇၀,၀၀၀– ၂၀၀,၀၀၀ ကျပ်ရှိ၍ ယခုပတ်နှင့် ယခင်ပတ် ကာလတူနှိုင်းယှဉ်ပါက နှမ်းညို တစ်တင်း ၃၀၀၀ ကျပ်ခန့်ကျဆင်းနေပြီး၊ နှမ်းနက် တစ်တင်းလျှင် ၁၀၀၀၀ ကျပ်ခန့် မြင့်တက်နေကြောင်းသိရသည်။

အောက်တိုဘာလ စတုတ္ထပတ်အတွင်း မြေပဲလုံးဆန်နီ တစ်ပိဿာ ၇၈၀၀–၈၃၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၇၅၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၆၈၀၀ ကျပ်ရှိပြီး ယခင်ပတ် ကာလတူ ပေါက်ဈေးနှုန်းမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ ၇၈၀၀–

၈၃၀၀ ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ ၇၇၀၀-၇၈၀၀ ကျပ်၊ မြေပဲဆီဆန်ဖြူ တစ်ပိဿာ ၆၈၀၀ကျပ် ကာလတူ အချိန်နှင့် နှိုင်းယှဉ်ပါကမြေပဲလုံးဆန်ဖြူတစ်ပိဿာလျှင် ၃၀၀ကျပ်ခန့် ကျဆင်းနေကြောင်းသိရသည်။

ယခုပတ်အတွင်း ပဲဆီတစ်ပိဿာ ၁၄,၀၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၁၃,၅၀၀-၁၄,၀၀၀ ကျပ်ဖြစ်ပြီး ပဲဖတ် တစ်ပိဿာ ၅၆၄၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၃၈၀၀ ကျပ်၊ နေကြာဖတ် တစ်ပိဿာ ၂၉၀၀ ကျပ်ဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။

**Source: စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/event/naypyitaw-24102024-1601

## “ Yellow River-Mekong River Exchange Week 2024 ” ကျင်းပပြုလုပ်မည်

တရုတ်နိုင်ငံ၊ ရှန်တုန်းပြည်နယ်၊ တယ်ကျိုးမြို့တွင် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်မှ ၁၄ ရက်အထိ Yellow River-Mekong River Exchange Week 2024 ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြစ်ဝါမြစ်သည် တရုတ်နိုင်ငံ၏ အဓိကအသက်သွေးကြောဖြစ်ပြီး Qinghai၊ Sichuan၊ Gansu၊ Ningxia၊ Inner Mongolia Shanxi၊ Shaanxi၊ Henan နှင့် Shandong တို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး ၉ ခုကို ဖြတ်သန်းစီးဆင်းလျက်ရှိရာ မဲခေါင်မြစ်သည်လည်း အာရှတိုက်၏ အရေးအကြီးဆုံး မြစ်တစ်စင်းဖြစ်ပြီးအင်ဒို-ချိုင်နားကျွန်းဆွယ်ကိုဖြတ်ကာ လာအို၊ မြန်မာ၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကို ဖြတ်သန်းစီးဆင်းလျက်ရှိသည်။

၂၀၁၆ ခုနှစ်မှစ၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို စတင်ထူထောင်ခဲ့ရာ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုအတွက် စံပြဖြစ်ခဲ့၍ ၂၀၂၃ ခုနှစ်၊ သြဂုတ်လတွင် ရှန်တုန်းပြည်နယ်၊ တယ်ကျိုးမြို့၌ Yellow River-Mekong River Dialogue ကို စတင်ခဲ့ပြီး မဲခေါင်မြစ်ဝှမ်းနိုင်ငံများနှင့် မြစ်ဝါဒေသပြည်နယ် တစ်လျှောက်ရှိ ကိုယ်စားလှယ်များ ပါဝင်ခဲ့ကြသည်။

ပထမအကြိမ် Yellow River-Mekong River Dialogue ကို တယ်ကျိုးမြို့၌ ကျင်းပခဲ့ပြီး ရှန်တုံးပြည်နယ်မှ 2024 Yellow River-Mekong River Dialogue ကို ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်တွင် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့၌ အောင်မြင်စွာ ကျင်းပခဲ့ရာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှုနှင့် ညီမမြို့တော်ဆက်ဆံရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ခဲ့သည်။

Yellow River-Mekong River Exchange Week 2024 သို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်များအတွက် စားသောက်စရိတ်ကိုသာ ကျခံပေးမည်ဖြစ်ပြီး ဖုန်း၊ +86 18812755775 နှင့် အီးမေးလ်၊ dzswb@dz.shandong.cn သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်းနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း- ၀၆၇-၄၀၈၆၂၂၊ E-mail: event.td.myantrade@gmail.com တို့သို့လည်း ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ပါကြောင်း သတင်းရရှိသည်။

**Source :** https://myantrade.gov.mm/event/naypyitaw-24102024-1600

## ထန်းလျက်များ ဈေးကောင်းရရှိ



အညာဒေသမှ ထွက်ရှိသော ထန်းလျက်များ ဈေးကောင်းရရှိသဖြင့် ယခုနှစ် ထန်းတက်ရာသီ၌ ထန်းတက် လုပ်ငန်းလုပ်ကိုင်သူ ပိုမိုများပြားလာနိုင်ကြောင်း ရေနံချောင်းမြို့နယ်ရှိ ထန်းတက်တောင်သူများက ခန့်မှန်းထားကြသည်။

ယခုနှစ် ထန်းလျက် တစ်ပိဿာလျှင် ငွေကျပ် ၄၈၀၀ ဝန်းကျင်ပေါက်ဈေးရှိပြီး တစ်နှစ်ပတ်လုံး ဈေးကောင်းရရှိသည်။

ထန်းလျက်ဈေးကွက်တွင် ဆီးထန်းလျက် တစ်ပိဿာလျှင် ငွေကျပ် ၅၂၀၀ ၊ပေါက်ပေါက်ဆုပ်ထန်းလျက် တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀ ၊ နှမ်းဖတ်ဆုပ်ထန်းလျက် တစ်ပိဿာလျှင် ငွေကျပ် ၇၂၀၀ အထိ ရောင်းချလျက် ရှိသည်။

**Source : CN –045**

**မြို့တော်သတင်းစာ**

## ပြင်ဦးလွင် နဂါးမောက်သီး အရောင်းအဝယ်ကောင်း



ပြင်ဦးလွင်ဒေသမှထွက်ရှိသောနဂါးမောက်သီးများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။

နဂါးမောက်သီးများကို စင်စနစ်၊ တိုင်စနစ်၊ တန်းစနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး နေရာဒေသအလိုက်၊ ရာသီဥတုပေါ်မူတည်၍ အထွက်နှုန်းကွာခြားသည်။

နဂါးမောက်သီးအနီအမျိုးအစားမှာ ပိုမိုအဝယ်လိုက်ပြီး နဂါးမောက်သီး အကြီးတစ်လုံးလျှင် ငွေကျပ် ၁၀၀၀ ၊ အလတ်တစ်လုံးလျှင် ငွေကျပ် ၇၀၀ ၊အသေးတစ်လုံးလျှင် ငွေကျပ် ၅၀၀ အထိ ပေါက်ဈေးရှိ သည်။

ပြင်ဦးလွင်နယ်ထွက် နဂါးမောက်သီးများကို ရန်ကုန်တိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီး၊နေပြည်တော်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : CN –045**

**မြို့တော်သတင်းစာ**

TIR

## ရွှေဘိုမြို့တွင် ရာသီပေါ်ဈေးကောင်းရသည့် ပိန်းဥ၊ ကန်စွန်းဥ ဈေးနှုန်းဈေးကွက်



ရွှေဘိုမြို့ပေါ်ရှိဈေးများတွင် ရာသီပေါ်ဈေးကောင်းရနေသည့် ပိန်းဥနှင့်ကန်စွန်းဥများကို ရောင်းချလျက်ရှိရာ ပိန်းဥနှင့် ကန်စွန်းဥများသည် စက်တင်ဘာလနောက်ဆုံးပတ်တွင်ဈေးကွက်အတွင်းသို့ စတင်ရောင်းချပြီး အောက်တိုဘာလတွင် လှိုင်လှိုင်ထွက်ရှိ၍ ဈေးကောင်းရလျက်ရှိကြောင်း၊ ပိန်းဥကို ဟင်းချိုရည်အဖြစ်လည်းကောင်း၊ သွားရည်စာအဖြစ်လည်းကောင်းစားသုံးကြပြီး၊ ကန်စွန်းဥကိုလည်း သွားရည်စာ၊ ကန်စွန်းယိုနှင့် ပူတင်းအဖြစ်လည်းကောင်း စားသုံးကြကြောင်းသိရသည်။

ရှမ်းပြည်နယ် အောင်ပန်းဒေသထွက် ပိန်းဥနှင့်ကန်စွန်းဥများကို မန္တလေးမြို့မှ မှာယူရောင်းချကြောင်း၊ ယခင်နှစ်တွင် ပိန်းဥနှင့် ကန်စွန်းဥဈေးနှုန်းမှာ တစ်ပိဿာလျှင် ၁၃၀၀ ကျပ်မှ ၁၅၀၀ ကျပ်ဖြစ်ခဲ့ပြီး၊ ယခုနှစ်တွင် ပိန်းဥနှင့်ကန်စွန်းဥဈေးနှုန်းမှာ တစ်ပိဿာလျှင်၂၃၀၀ ကျပ်မှ ၂၅၀၀ ကျပ်အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**Source : DOCA(စစ်ကိုင်း)**

**https://www.doca.gov.mm**

## ၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ရုရှားသည် ဘင်္ဂလားဒေ့ရှ်သို့ ဂျုံတန်ချိန် ၃ဒသမစသန်း တင်ပို့ခဲ့



ရုရှားနိုင်ငံသည် ပြီးခဲ့သည့်ဘဏ္ဍာနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဂျုံတန်ချိန် ၃ဒသမစသန်း စံချိန်တင် တင်ပို့ခဲ့ကြောင်း Dhaka ရှိ ရုရှားသံအမတ်ကြီး Alexander Mantytskiy က ပြောကြားသည်။

ထုတ်ပြန်ချက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စံချိန်တင် တင်ပို့မှုမှာ ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသတွင်းအရည်အသွေးစံနှုန်းများနှင့်ကိုက်ညီသည့် ရုရှားဆန်စပါးထောက်ပံ့မှုသည် တစ်နှစ်ထက်တစ်နှစ် ၁ဒသမ ၈ ဆတိုးမြင့်လာခဲ့ကြောင်း ၎င်းကပြောကြားခဲ့သည်။

ရုရှားသတင်းအေဂျင်စီ Interfax ကိုကိုးကား၍ Mantytskiy က ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ အစဉ်အလာအရ ရုရှားနိုင်ငံမှ ပဲစေ့ခြောက်နှင့် မုန်ညင်းစေ့များအပြင် ယခုနှစ်တွင်လည်း နွားနို့နှင့် ပဲအမျိုးမျိုးကို ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

အီဂျစ်၊ တူရကီ၊ အီရန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အပါအဝင် အဓိကတင်ပို့မှုလမ်းကြောင်းတို့နှင့်အတူ Global South သို့ ပို့ကုန်ဝေစုမှာလည်းတိုးလာကြောင်း ရုရှားသံအမတ်ကြီးကဆိုသည်။

ရုရှားသတ္တုဓာတ်မြေသြဇာများသည် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးအတွက် မရှိမဖြစ်လိုအပ်နေသေးကြောင်း၊ ရုရှားသည် ကမ္ဘာ့သတ္တုဓာတ်မြေသြဇာဈေးကွက်တွင် ပဋ္ဌမမြောက်ရှယ်ယာကိုပိုင်ဆိုင်ထားပြီး ပြည်ပနိုင်ငံများတွင် စိုက်ပျိုးထုတ်လုပ်မှုပိုမိုအားကောင်းစေရန် အထောက်အကူဖြစ်စေကြောင်း Martytskiy က ပြောကြားခဲ့သည်။

**Source : tbsnews**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm

## ပေါင်းဆန် လွတ်လပ်စွာတင်ပို့ခွင့်ပြုခဲ့သည့် အိန္ဒိယနိုင်ငံ

အိန္ဒိယနိုင်ငံသည် ပြည်တွင်းဆန်လက်ကျန်များ ပိုလျှံလျက်ရှိသလို မိုးကောင်းစွာရရှိမှုကြောင့် လာမည့်ရာသီတွင် ဆန်စပါးအထွက်နှုန်းတိုးမည်ဟု ခန့်မှန်းချက်ကြောင့် ပေါင်းဆန်အား လွတ်လပ်စွာ တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရသည်။

မကြာသေးမီက ၎င်းထုတ်ကုန်အပေါ်ထားရှိသော အကောက်ခွန် ၂၀ ရာခိုင်နှုန်းအား ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ပြီးနောက် ယခုကဲ့သို့ အကောက်ခွန်လွတ်တင်ပို့ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

၂၀၂၄ ခုနှစ်၊ ပထမ ၈ လတာ အတွင်း အိန္ဒိယနိုင်ငံမှ ပေါင်းဆန်တင်ပို့မှု ၁၃ ရာခိုင်နှုန်း ကျဆင်းကာ တန်ချိန် ၅ ဒသမ ၁ သန်း တင်ပို့ခဲ့ကြောင်း Trade Promotion council of India က ယခုလ ၂၃ ရက်က ဖော်ပြသည်။

အိန္ဒိယဆန်တင်ပို့သူများကို ထိုင်းနိုင်ငံကဲ့သို့ ဆန်အဓိကတင်ပို့သောနိုင်ငံများနှင့် ပိုမိုထိရောက်စွာ ယှဉ်ပြိုင်နိုင်စေရန် အစိုးရမှ ယခုလို ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်လိုက်သည့်အတွက် ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းလာဖွယ်ရှိကာ ဝယ်လိုအားတိုးတက်လာမှုကြောင့် အိန္ဒိယလယ်သမားများ အကျိုးအမြတ်ရရှိပြီး ဝင်ငွေများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

"ယခုလုပ်ဆောင်ချက်က အစိုးရအနေဖြင့် လာမည့်ရာသီ ဆန်စပါးထွက်ရှိမှုအပေါ် ယုံကြည်မှုရှိကြောင်း ပြသနေပါတယ်" ဟု အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ Mr. Dev Garg က ပြောကြားခဲ့သည်။

ပေါင်းဆန်အား အကောက်ခွန် လွတ်တင်ပို့ခွင့်ပြုလိုက်သည့်အတွက်အာဖရိကကဲ့သို့ဈေးနှုန်းသက်သာမှုကို နှစ်သက်သောနိုင်ငံများမှ ဝယ်ယူသူများကို ဆွဲဆောင်နိုင်လိမ့်မည်ဟု ယူဆရကြောင်း အိန္ဒိယဆန်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ Mr. B.V. Krishna Rao က ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် အခွံချွတ်ပြီး ဆန်လုံးညိုနှင့် စပါးတို့အပေါ်ထားရှိသော ပို့ကုန်ခွန် ၁၀ ရာခိုင်နှုန်းကိုလည်း ဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သောလက ဘာစမာတီမဟုတ်သော ဆန်ဖြူတင်ပို့မှုကို ကြမ်းခင်းဈေး ကန်ဒေါ်လာ ၄၉၀ သတ်မှတ်၍ ပြန်လည်ခွင့်ပြုပေးခဲ့သည်။

အိန္ဒိယနိုင်ငံမှ ဆန်တင်ပို့မှု တိုးမြင့်လာသည့်အတွက် ကမ္ဘာ့ဆန်ရောင်းလိုအားကို မြှင့်တင်ပေးကာ ပါကစ္စတန်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံကဲ့သို့ ဆန်တင်ပို့သောနိုင်ငံများအပေါ် ဈေးနှုန်းလျှော့ချသတ်မှတ်ရန် ဖိအားပေးနိုင်လိမ့်မည်ဟု ယူဆထားကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် အယ်နီညိုကြောင့် မိုးရေရရှိမှုနည်းပါးမည်ကို စိုးရိမ်သည့်အတွက် ၂၀၂၃ ခုနှစ်က ပြည်ပသို့ ဆန်တင်ပို့မှုအပေါ် ကန့်သတ်ထိန်းချုပ်မှုများ လုပ်ဆောင်ခဲ့သည်။

ယင်းနောက် ပြည်တွင်း ဆန်ရောင်းလိုအားမြင့်တက်လာပြီး၊ အစိုးရ၏ အရန်ဆန်သိုလှောင်မှုများတွင် ဆန်လက်ကျန်များ ပိုလျှံစေခဲ့ကြောင်း သိရသည်။

သို့ပါ၍ ကမ္ဘာ့ဆန်အများဆုံးတင်ပို့သော နိုင်ငံတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှုမူဝါဒ ဖြေလျှော့မှုကြောင့် မြန်မာနိုင်ငံအပါအဝင် ဆန်ကို အဓိကတင်ပို့ရောင်းချလျက်ရှိသော နိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ ရှိလာနိုင်ကာ ကမ္ဘာ့ဆန်ဈေးနှုန်းများ ကျဆင်းလာမည်ဟု သိရသည်။

**Source: Trade Promotion council of India: India scraps export tax on parboiled rice,**

**( စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့ )**

https://myantrade.gov.mm/event/naypyitaw-241020240420

## ၂၀၂၄ ၏ ပထမ ၉ လအတွင်း လယ်ယာထွက်ကုန်တင်ပို့မှု မြင့်တက်ခဲ့သည့် တောင်ကိုရီးယားနှင့် ဗီယက်နမ်

**တောင်ကိုရီးယား**

တောင်ကိုရီးယားနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် ယခုနှစ် ပထမ ၉ လတွင် စံချိန်တင် အမြင့်ဆုံးဖြစ်ခဲ့ကြောင်း၊ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း ပို့ကုန်တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်ကထက် ၈ ရာခိုင်နှုန်းကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇ ဒသမ ၄ ဘီလီယံနီးပါး မြင့်တက်ခဲ့ကြောင်း၊ ထမင်းလိပ် (Gimbap) ကဲ့သို့ ဆန်ဖြင့်ထုတ်လုပ် သောပစ္စည်းများ တင်ပို့မှုသည် ပြီးခဲ့သည့်နှစ် ကာလတူတင်ပို့မှုထက် ၄၁ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း၊ ကိုရီးယားခေါက်ဆွဲခြောက် တင်ပို့မှုသည် ပြီးခဲ့သည့်နှစ်ကထက် ၃၀ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ သန်း ၉၀၀ ကျော်နှင့် ကိုရီးယားသွားရည်စာများ တင်ပို့မှုသည် ၁၅ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ကြောင်း လယ်ယာဝန်ကြီးဌာနမှ သိရသည်။

**ဗီယက်နမ်**

၂၀၂၄ ခုနှစ်၊ ပထမ ၉ လအတွင်း ဗီယက်နမ်ပို့ကုန်တင်ပို့မှု မြင့်တက်ခဲ့သောကြောင့် ယခုနှစ် လက်ကျန်ကာလများတွင်လည်း တန်ဖိုး အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံအထိ စံချိန်တင် တင်ပို့နိုင်မည်ဟု ခန့်မှန်းထားသည်။

ဗီယက်နမ်စာရင်းအင်းဌာနအဆိုအရ စက်တင်ဘာလအတွင်း ဗီယက်နမ်ပို့ကုန်သည် ပြီးခဲ့သည့်နှစ်ကာလတူထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ကာ ၃၄ ဒသမ ၀၅ ဘီလီယံ ရရှိခဲ့ကြောင်း၊ ယခုနှစ် တတိယ ၃ လပတ် ပို့ကုန်တန်ဖိုးသည် ပြီးခဲ့သည့်နှစ် ကာလတူထက် ၁၅ ဒသမ ၈ ရာခိုင်နှုန်းနှင့် ယခုနှစ် ဒုတိယ ၃ လပတ်ထက် ၁၀ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၁၀၈ ဒသမ ၆ ဘီလီယံ ဖြစ်ခဲ့ကြောင်း သိရသည်။

စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနအဆိုအရ တင်ပို့မှုမြင့်မားသော ပို့ကုန်များမှာ ကွန်ပျူတာများ၊ လျှပ်စစ်ပစ္စည်းများ၊ ဖုန်းနှင့်ဖုန်းအစိတ်အပိုင်းများ၊ အဝတ်အထည်များ၊ ဖိနပ်များ၊ သစ်နှင့်ပရိဘောဂများ၊ ပင်လယ်စာများ၊ ဟင်းသီးဟင်းရွက်နှင့်

သစ်သီးဝလံများဖြစ်ကြောင်း၊ ဗီယက်နမ်ကုန်စည်များကို အမေရိကန်မှ တန်ဖိုးအမေရိကန်ဒေါ်လာ ၈၉ ဒသမ ၅ ဘီလီယံဖြင့် အဓိကတင်သွင်းခဲ့ကြောင်း သိရသည်။

ဗီယက်နမ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်အသင်း (Vinafruit) အတွင်းရေးမှူးချုပ်က ဗီယက်နမ် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များသည် အမေရိကန်၊ တရုတ်၊ တောင်ကိုရီးယား စသည့် ဈေးကွက်များတွင် ခိုင်မာသော နေရာ ရနေပြီဖြစ်ကြောင်း၊ ဗီယက်နမ် ဒူးရင်း၊ ငှက်ပျောနှင့် သရက်တို့ကို တရုတ်စားသုံးသူများ အထူးကြိုက်နှစ်သက်ကြောင်း၊ ယခုနှစ် အတွင်း ဗီယက်နမ် သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၇ ဘီလီယံဖြင့် စံချိန်တင်နိုင်ကြောင်း ပြောကြားခဲ့သည်။

ဗီယက်နမ် အထည်အလိပ်နှင့်အဝတ်အထည်အသင်းဥက္ကဌက ပြီးခဲ့သည့်လများအတွင်း အဝတ်အထည်နှင့် အထည် အလိပ် တင်ပို့မှုသည် လစဉ်အမေရိကန်ဒေါ်လာ ၄ ဘီလီယံခန့်ရှိသောကြောင့် တစ်နှစ်ပတ်လုံး တင်ပို့မှုသည် ၄၁ ဘီလီယံ ကျော်နိုင်ကြောင်း ပြောကြားခဲ့သည်။

**Soucrce : Arirang.com**

**Vietnam plus**

https://commerce.gov.mm/my/article/update-news-international-trade/31820

## တရုတ်နိုင်ငံ၏ ဝယ်လိုအားကြောင့် ဗီယက်နမ်ကွမ်းသီးဈေးနှုန်းများ စံချိန်တင်မြင့်တက်



ဗီယက်နမ်နိုင်ငံရှိ ကွမ်းသီးဈေးနှုန်းများသည် တရုတ်နိုင်ငံမှ ဝယ်လိုအား အားကောင်း ခြင်းကြောင့် အမြင့်ဆုံးသို့ စံချိန်တင်မြင့်တက်ခဲ့သည်။

Quang Ngai ၊ Dak Lak ၊ Tay Ninh ၊ Tien Giang နှင့် Kien Giang ကဲ့သို့သော ပြည်နယ်များတွင် ကွမ်းသီးတစ်ကီလိုလျှင် VND ၈၀၀၀၀- VND ၈၅၀၀၀ဖြင့် ရောင်းချလျက်ရှိသည်။ Bas Ninh နှင့် Nam Dinh ကဲ့သို့သော မြောက်ပိုင်းဒေသများတွင် ဈေးနှုန်းများအကန့်အသတ်ကြောင့် တစ်ကီလို ဂရမ်လျှင် VND ၉၀၀၀၀ အထိရောက်ရှိခဲ့သည်။

တရုတ်နိုင်ငံသည် ကွမ်းသီးအဓိကစားသုံးသူဖြစ်ပြီး ဟိုင်နန်သည် နိုင်ငံကွမ်းသီးထွက်ရှိမှု၏ ၉၀ ရာခိုင်နှုန်းကို ကိုယ်စားပြုပြီး ဝမ်နင်း Country –ကောင်တီက ထက်ဝက်ပိုပံ့ပိုးပေးသည်။

၂၀၂၄ ခုနှစ်၊ ဇွန်လတွင် ဝမ်နင်ရှိ ကွမ်းသီးပင်များ၏ ၈၀ ရာခိုင်နှုန်းသည် အရွက်ဝါရောဂါကူးစက်ခံရပြီး ၂၀၁၄ ခုနှစ်တွင် တန်ချိန်၂၂၀,၀၀၀မှ ၂၀၂၄ ခုနှစ်တွင် တန်ချိန်၄၀၀၀၀ သို့ကျဆင်းသွားခဲ့သည်။

ဗီယက်နမ်ကွမ်းသီးများတရုတ်တိုးမြှင့်ဝယ်မှုနောက်ကွယ်မှ အဓိကအကြောင်းအရင်းမှာရိုးရာအစားအစာဖြစ်သော ကွမ်းသီး သကြားလုံးများ ထုတ်လုပ်မှုပင်ဖြစ်သည်။

The paper မှ ၂၀၂၀ စာရင်းဇယားများအရ တရုတ်နိုင်ငံတွင် ကွမ်းသီးနှင့်ဆက်စပ်သော ထုတ်ကုန်များရောင်းချမှုသည် နှစ်စဉ် ၂၀ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။

တရုတ်နိုင်ငံမှ ဝယ်လိုအားမြင့်မားမှုကြောင့် ဗီယက်နမ်နိုင်ငံရှိ ကွမ်းသီးဈေးသည် ၂၀၂၄ ခုနှစ်တွင် မြင့်တက်လာခဲ့ပြီး အထူးသဖြင့် ကာလရှည်ကြာစိုက်ပျိုးနေသော ဒေသများတွင် တောင်သူများအတွက် သိသာထင်ရှားသော ဝင်ငွေကိုရရှိစေသည်။

သို့သော်လည်း တရုတ်ဈေးကွက်အပေါ် အလွန်အမင်းမှီခိုအားထားမှုသည် အန္တရာယ်များ ရှိနေသည်။

တရုတ်နိုင်ငံမှ ဝယ်လိုအားကျဆင်းခြင်း သို့မဟုတ် ဈေးကွက်မတည်ငြိမ်မှုများနှင့် ကြုံတွေ့လာပါက ကွမ်းသီးဈေးနှုန်း သိသိသာသာကျဆင်းနိုင်ပြီး စိုက်ပျိုးသူများအတွက် ဆုံးရှုံးမှုများဖြစ်ပေါ်စေနိုင်သည်။

ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ဗီယက်နမ်လယ်သမားများသည် အရည်အသွေးစီမံခန့်ခွဲမှုအပေါ် အာရုံစိုက်ရန် လိုအပ်ပြီး ပို့ကုန်ဈေးကွက်များ ကွဲပြားစေရန်နှင့် ပြုပြင်ထားသောကွမ်းသီးထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ပေသည်။

အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုချဲ့ထွင်ခြင်းနှင့် တန်ဖိုးထပ်တိုးလုပ်ဆောင်ခြင်းတို့ကို မြှင့်တင်ခြင်းဖြင့် ကွမ်းသီးလုပ်ငန်းတွင် အန္တရာယ်များကို လျှော့ချနိုင်ပြီး တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source: Vietnamnews**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/25952

## STOCK EXCHANGE (25.10.2024)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Oct. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,253 (Shares) | 10,075,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +0 | +0.00% | 8,400 | 8,500 | 8,400 | 346 | 2,906,700 | 33,109,694 | 281,432 |
| MTSH | 00002 | 3,400 | +0 | +0.00% | 3,350 | 3,400 | 3,300 | 56 | 185,350 | 38,929,150 | 132,359 |
| MCB | 00003 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 7 | 58,800 | 10,400,986 | 87,368 |
| FPB | 00004 | 2,050 | +0 | +0.00% | 2,000 | 2,050 | 2,000 | 919 | 1,879,700 | 29,664,613 | 60,813 |
| TMH | 00005 | 2,850 | +50 | +1.79% | 2,800 | 2,850 | 2,800 | 130 | 369,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 825 | 1,402,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,300 | -100 | -2.27% | 4,300 | 4,300 | 4,300 | 25 | 107,500 | 10,497,598 | 45,140 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,400 | 3,400 | 3,350 | 945 | 3,165,850 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 25th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 401.53 | -0.77 | -0.19% | 399.36 | 401.53 | 398.48 | 3,253 | 10,075,400 | 8 | 757,366 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 25th Oct. 2024

| Trading Volume | Trading Value |
|---|---|
| 3,253 (Shares) | 10,075,400 (MMK) |

## Main Board

As of 1:00 pm, 25th Oct. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,253 (Shares) | 10,075,400 (MMK) |

| MYANPIX | 401.53 ▼ 0.77 |
|---|---|
| Total Volume (shares) | 3,253 |
| Total Value (MMK) | 10 mil |
| Listed Company | 8 |
| Market Cap. (MMK) | 757,366 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 0 |
| MCB | 00003 | 8,400 | ▼ 100 |
| FPB | 00004 | 2,050 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,300 | ▼ 100 |
| MAEX | 00008 | 3,350 | ▲ 0 |